JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

## ၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက် | မြန်မာ

# CAA Industries အပေါ် ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးဖို့တိုင်ကြားလွှာကို အရေးတကြီးဆောင်ရွက်ပေးဖို့ အစ္စရေးရှေ့နေချုပ်ထံ JFM တောင်းဆို

မြန်မာစစ်အုပ်စုရဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို အားပေးကူညီနေမှုသံသယနဲ့ အစ္စရေး စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီ CAA Industries ရဲ့လုပ်ငန်းတွေ၊ အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနနဲ့နိုင်ငံခြားရေးဝန်ကြီးဌာနတို့က အရာရှိကြီးတွေအပေါ် ရာဇဝတ်ကြောင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ပေးဖို့ တိုင်ကြားလွှာတစ်စောင်ကို အစ္စရေးရှေ့နေချုပ်ထံ တင်သွင်း လိုက်ပြီ ဖြစ်ပါတယ်။

အဲ့ဒီတိုင်ကြားလွှာက လျှို့ဝှက်ပေါက်ကြားလာတဲ့ ကုန်ပစ္စည်းတင်ပို့ရေးမှတ်တမ်းတွေအပေါ် အခြေခံထားပြီး ဒီမှတ်တမ်းတွေမှာ CAA Industries က မြန်မာစစ်အုပ်စုရဲ့ အသေးစားစစ်လက်နက်တွေ အဆင့်မြှင့် မွန်းမံပြင်ဆင်ဖို့အတွက် injections moulds ဖိအားသုံးမိုပုံစံခွက်နဲ့ ကိရိယာတွေကို စစ်လက်နက်ပွဲစားကုမ္ပဏီ Star Sapphire Trading ကတဆင့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှာ ပေးပို့ခဲ့ကြောင်း တွေ့ရပါတယ်။

Star Sapphire Trading ဟာ ငွေကြေးခဝါချမှု၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုနဲ့ မူးယစ်ဆေးဝါးမှောင်ခို ရောင်းချမှုတို့နဲ့ ထိုင်းနိုင်ငံမှာ တရားစွဲဆိုခံထားရတဲ့ မြန်မာစစ်လက်နက်ပွဲစား ဒေါက်တာထွန်းမင်းလတ်က အပြည့်အဝ ပိုင်ဆိုင်ထိန်းချုပ်ထားတဲ့ ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။

### တိုင်ကြားလွှာမှာ

- CAA Industries နဲ့ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့က အရာရှိကြီး တွေဟာ မြန်မာစစ်အုပ်စုက ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို ကျူးလွန်နေတာကို သိနေလျက်နဲ့ မြန်မာစစ်အုပ်စုရဲ့ ပြည်တွင်းလက်နက်ငယ်ထုတ်လုပ်ရေးတွေအတွက် ဆက်စပ် ပစ္စည်းတွေထုတ်လုပ်ဖို့ စက်ယန္တရားတွေကူညီပေးခဲ့တဲ့အတွက် စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို အားပေးကူညီခဲ့ကြောင်း စွဲဆိုထားတယ်။
- ပါဝင်ပတ်သက်တဲ့ တစ်ဦးတစ်ယောက်ချင်းကို အစ္စရေးနိုင်ငံရဲ့ ပြစ်မှုဆိုင်ရာဥပဒေနဲ့ တရားစွဲဆိုဖို့ တောင်းဆိုထားပါတယ်။
- သက်သေအထောက်အထားတွေ ဖျောက်ဖျက်တာတွေနဲ့ စုံစမ်းစစ်ရေးကို နှောက်ယှက်တာတွေ မရှိစေဖို့ CAA Industries၊ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ရဲ့ ရုံးခန်းတွေမှာရှိနေတဲ့

သက်ဆိုင်တဲ့စာရွက်စာတမ်းတွေကို ချက်ချင်းသိမ်းဆည်းဖို့ အစ္စရေးအာဏာပိုင်တွေကို တောင်းဆိုထားပါတယ်။

အဲ့ဒီလျှောက်လွှာကို အစ္စရေးနိုင်ငံသား ၆၀ကျော်ရဲ့ ကိုယ်စား ရှေ့နေ Eitay Mack က တရားလွှတ်တော် ရှေ့နေချုပ် Gali Baharav-Miara ဆီ ဇွန်လ ၆ ရက်နေ့က လျှောက်ထားခဲ့ပြီး အဲဒီနိုင်ငံသား ၆၀ ကျော်ထဲမှာ အရင်က ပြောရေးဆိုခွင့်ရှိသူတာဝန်ယူဖူးတဲ့ Knesset Avraham ("Avrum") Burg၊ ထင်ရှားတဲ့ ပညာရှင်တွေဖြစ်တဲ့ ပါမောက္ခ Daphna Golan-Agnon နဲ့ ပါမောက္ခ Ruth HaCohen Pinczowe တို့ အပါအဝင် လူ့အခွင့်အရေး လှုပ်ရှားသူတွေပါဝင်ပါတယ်။

ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးရေးအတွက် လုပ်ဆောင်ဖို့ တိုင်ကြားချက်အပြင် အစ္စရေးကာကွယ်ရေး ဝန်ကြီးဌာနရဲ့ ကာကွယ်ရေးပစ္စည်းတင်ပို့မှုထိန်းချုပ်ရေးအေဂျင်စီ (DECA) ဆီကိုလည်း ပေးစာတစ်စောင် ပေးပို့ထားပြီး အဲဒီစာမှာ CAA Industries ကို ပေးထားတဲ့ မြန်မာနိုင်ငံကို ရောင်းချနိုင်ခွင့် ပို့ကုန်လိုင်စင်နဲ့ ဈေးကွက်မြှင့်တင်ရေးလိုင်စင်တွေကို ချက်ချင်းပယ်ဖျက်ပေးဖို့ တောင်းဆိုထားပါတယ်။

ရာဇဝတ်ကြောင်းဆိုင်ရာစုံစမ်းစစ်ဆေးမှုအတွက် အခုတိုင်ကြားလွှာမတိုင်ခင် မြန်မာနိုင်ငံကို စစ်လက်နက် တင်ပို့ခဲ့တဲ့ အစ္စရေးနိုင်ငံသားတွေက ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို အားပေးကူညီနေမှုအပေါ် အလားတူ တိုင်ကြားလွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ အီတေမက်က ၂၀၁၈ ခုနှစ်မှာ တင်သွင်းခဲ့ ပါတယ်။ ၂၀၂၂ ခုနှစ်မှာလည်း မြန်မာစစ်လက်နက်ပွဲစား ဒေါက်တာထွန်းမင်းလတ်နဲ့ သူ့ရဲ့စီးပွားရေး လုပ်ငန်းစု Star Sapphire Group တို့နဲ့ အစ္စရေးစစ်လက်နက်ကုမ္ပဏီတို့အကြား အရောင်းအဝယ်ကိစ္စ တွေမှာ အကျင့်ပျက်ခြစားမှုတွေ ရှိနေတဲ့အပေါ် ရာဇဝတ်ကြောင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ဖို့တောင်းဆိုတဲ့ တိုင်ကြားလွှာ တစ်စောင်ကို တရားလွှတ်တော်ရှေ့နေ အီတေမက်ကပဲ တင်သွင်းခဲ့တာပါ။ ဒါ့အပြင် ၂၀၂၃ ခုနှစ်မှာလည်း Cognyte ကုမ္ပဏီက မြန်မာနိုင်ငံကို ထောက်လှမ်းရေးဆော့ဝဲလ် ရောင်းချမှုနဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေမှာ အားပေးကူညီနေမှုအပေါ် တိုင်ကြားလွှာ တစ်စောင်ကို တင်သွင်းခဲ့ပါတယ်။

Justice For Myanmar အနေနဲ့ ၂၀၁၈ ခုနှစ်ကတည်းက တင်ထားတဲ့ တိုင်ကြားချက်အရ ရာဇဝတ်ကြောင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်နိုင်ခြင်း မရှိသေးတဲ့အပေါ် စိုးရိမ်ပူပန်ပြီး၊ ဒါကို အမြန်ဆုံးဆောင်ရွက်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "မြန်မာစစ်အုပ်စုရဲ့ စစ်လက်နက် ထုတ်လုပ်ရေးကဏ္ဍအတွက် CAA Industries ရဲ့ ပံ့ပိုးမှုဟာ အင်မတန်ဆိုးရွားတဲ့ ကျင့်ဝတ်မဲ့ ရှက်ဖွယ်လုပ်ရပ် ဖြစ်ပြီး၊ နေ့စဉ်နဲ့အမျှ ကျူးလွန်နေတဲ့ စစ်တပ်ရဲ့စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှု တွေကို အားပေးကူညီရာ ရောက်ပါတယ်။

အခုရောင်းချလွှဲပြောင်းမှုကို အစ္စရေးအစိုးရက မြန်မာနိုင်ငံကို စစ်လက်နက်ရောင်းချမှု ရပ်တန့်ထားပြီး ဖြစ်ကြောင်း အခိုင်အမာပြောဆိုပြီးနောက်ပိုင်းမှာ လုပ်ဆောင်ခဲ့တာဖြစ်တဲ့အတွက် ဒီအချက်နဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ ဖြစ်တာမို့ မေးခွန်းထုတ်ရမှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်က မြန်မာနိုင်ငံကို ပစ္စည်းတင်ပို့ရာမှာ ပါဝင်တဲ့အတွက် CAA Industries သာမက၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့က အရာရှိကြီးတွေကိုပါ ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်ပြီး၊ အရေးတကြီး ဖြေရှင်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ပုံသွင်းစက်တွေနဲ့ လိုအပ်တဲ့ကိရိယာပစ္စည်းတွေကို ရောင်းချပေးအပ်ခြင်းဖြင့် CAA Industries က မြန်မာစစ်အုပ်စုရဲ့ ပြည်တွင်းစစ်လက်နက်ထုတ်လုပ်ရေးစွမ်းရည်ကို ကူညီမြှင့်တင်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒါက လူအစုအပြုံလိုက် သတ်ဖြတ်မှုတွေ၊ ရည်ရွယ်ချက်ရှိရှိ လေကြောင်းတိုက်ခိုက်မှုတွေနဲ့ အမြောက်ပစ်ခတ်မှုတွေ၊ ညှဥ်းပမ်းနှိပ်စက်မှုတွေ၊ ပြည်သူ့အိုးအိမ်ပိုင်ဆိုင်မှုဖျက်ဆီးတာတွေ၊ အဓမ္မဖိအားပေးရွှေ့ပြောင်းစေမှုတွေကို ကျူးလွန်နေတဲ့ တရားမဝင် စစ်အုပ်စုရဲ့လက်ထဲမှာ နေ့စဥ်နဲ့အမျှ အကြမ်းဖက်မှုတွေကို ရင်ဆိုင်ခံစားနေကြရတဲ့ မြန်မာပြည်သူတွေအပေါ် နာတာရှည်အကျိုးဆက်တွေ ဖြစ်ပေါ်စေ ပါတယ်။

မြန်မာစစ်အုပ်စုဆီကို စစ်လက်နက်တွေနဲ့ အရပ်ဘက်-စစ်ဘက်နှစ်မျိုးသုံးပစ္စည်းတွေ၊ နည်းပညာတွေ တင်သွင်း ရောင်းချရာမှာပါဝင်ခဲ့ကြတဲ့ အစ္စရေးအရာရှိတွေနဲ့ CAA Industries မှ အရာရှိတွေဟာ နိုင်ငံတကာရာဇဝတ်မှုတွေကို အားပေးကူညီနေတာဖြစ်ပြီး၊ အဲ့ဒီအတွက် မဖြစ်မနေတာဝန်ခံစေရမှာ ဖြစ်ပါတယ်" လို့ ပြောကြားခဲ့တယ်။

**တရားလွှတ်တော်ရှေ့နေ အီတေမက်က** "Justice For Myanmar ရဲ့ စုံစမ်းဖော်ထုတ်မှုတွေရဲ့ ကျေးဇူးကြောင့် မြန်မာနိုင်ငံကို အစ္စရေးစစ်တပ်ရဲ့ တင်ပို့မှုတွေဟာ ရပ်တန့်သွားခြင်းမရှိဘဲ၊ ပိုမိုရှုပ်ထွေးတဲ့ပုံစံတွေနဲ့ ဆက်လက် လုပ်ကိုင်နေတဲ့အကြောင်းကို အကြိမ်ကြိမ် တွေ့ရှိလာရပါတယ်။

ဒါက မြန်မာနိုင်ငံအတွင်းက လူသတ်စစ်အုပ်စုနဲ့ စီးပွားရေးတွေ ပုံမှန်အတိုင်း ဆက်လက်လုပ်ဆောင်နိုင်ဖို့ အစ္စရေးစစ်တပ်ကုမ္ပဏီတွေကို လုပ်ငန်းလိုင်စင်တွေ ချထားပေးခဲ့တဲ့ အစ္စရေးအစိုးရရဲ့ လုပ်ရပ်ဟာ တရားမဝင်၊ ကျင့်ဝတ်သိက္ခာနဲ့မညီတဲ့ ရှက်ဖွယ်လုပ်ရပ် ဖြစ်ပါတယ်။

ဒီတစ်ကြိမ်တင်ပို့မှုက စစ်လက်နက်တွေကို တစ်ကြိမ်ထဲအပြီးအစီးတင်ပို့တဲ့ ပုံစံမဟုတ်ပဲ စစ်လက်နက် အစိတ်အပိုင်းတွေ ထုတ်လုပ်ရာမှာ လိုအပ်တဲ့ စက်ပစ္စည်းတွေတင်ပို့တာ ဖြစ်ပါတယ်။ အဲဒီအတွက် ဒီတင်ပို့မှုမှာ စစ်အုပ်စုဆီကို ကုန်တင်ပို့ဖို့နဲ့ ဝန်ဆောင်မှုပေးဖို့ အတွက် ခွင့်ပြုလိုင်စင်တွေ လိုအပ်ပါတယ်။

ဒါ့ကြောင့် ဒီရှက်ဖွယ်ဖြစ်ရပ်မှာ ပါဝင်ကြတဲ့ အစ္စရေးအရာရှိတွေနဲ့ CAA ကုမ္ပဏီတို့အပေါ် ရာဇဝတ် ကြောင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို တောင်းဆိုရုံသာမက၊ CAA ကုမ္ပဏီကို ပေးအပ်ထားတဲ့ လုပ်ငန်းလိုင်စင်တွေကိုလည်း ပြန်လည်ရုတ်သိမ်းဖို့ကိုလည်း တောင်းဆိုပါတယ်"လို့ ပြောကြားခဲ့တယ်။

**ပိုမိုသိရှိလိုပါက**

ရာဇဝတ်ကြောင်းဆိုင်ရာစုံစမ်းစစ်ဆေးရန် တိုင်ကြားလွှာအပြည့်အစုံကို ယခုနေရာတွင် ဖတ်ရှုပါ။
DECA သို့ ပေးပို့သည့် ပေးစာအပြည့်အစုံကို ယခုနေရာတွင် ဖတ်ရှုပါ။
မြန်မာနိုင်ငံအတွင်း CAA Industries လုပ်ငန်းများအကြောင်း ကျွန်ုပ်တို့ သတင်းဆောင်းပါးကို ယခုနေရာ တွင် ဖတ်ရှုပါ။

**Justice For Myanmar** | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။